DeKalb County
School District

မိဘများနှင့် မိသားစုဝင်များထံသို့ -

DeKalb ကောင်တီကျောင်းခရိုင် (DCSD) သည် နေအိမ်နှင့် စာသင်ကျောင်းအကြား ရှင်းလင်းမြင်သာမှုရှိ၍ အလွယ်တကူဆောင်ရွက်နိုင်သော ဆက်သွယ်ဆောင်ရွက်မှုကို တန်ဖိုးထားပါသည်၊ ထို့ပြင် ၎င်းသည် မိသားစုဝင်များ အားလုံး ၎င်းတို့အတွက် အရေးကြီးသော သတင်းအချက်အလက်များကို ဝင်ရောက်ရယူနိုင်စေဖို့ သေချာစေရန်လည်း ကတိကဝတ်ပြု အားထုတ်ဆောင်ရွက်လျက် ရှိပါသည်။ သင့်ကလေး၏ စာသင်ကျောင်းတွင် သင့်အတွက် စကားပြန် ဝန်ဆောင်မှုများ ရရှိနိုင်သည့်အကြောင်း သင့်ထံသို့ ကျွန်ုပ်တို့ အသိပေးအကြောင်းကြားလိုပါသည်။

အောက်ဖော်ပြပါတို့သည် ရရှိနိုင်သော ဘာသာစကား ဝန်ဆောင်မှုများ ဖြစ်ပါသည် -

| DeKalb ကောင်တီကျောင်းခရိုင်မှ ထောက်ပံ့ပေးထားသည့် စကားပြန် ဝန်ဆောင်မှုများ | |
|---|---|
| **တွေ့ဆုံဆွေးနွေးပွဲများအတွက် စကားပြန် ဝန်ဆောင်မှုများ** | DCSD သည် တွေ့ဆုံဆွေးနွေးပွဲများတွင် စကားပြန်များကို ထောက်ပံ့ပေးမည် ဖြစ်သည်။ စီစဉ်ထားသော တွေ့ဆုံဆွေးနွေးပွဲတစ်ခုအတွက် စကားပြန်တစ်ဦးအား တောင်းဆိုလိုပါက ကျေးဇူးပြုပြီး ဆွေးနွေးပွဲမတိုင်မီ သင့်ကလေး၏ စာသင်ကျောင်းသို့ ဆက်သွယ်ကာ စကားပြန်ဝန်ဆောင်မှုအား တောင်းဆိုပါ။ |
| **DCSD အကူအညီပေးသည့် လိုင်းဖုန်း စကားပြန်ဝန်ဆောင်မှု** | ကျောင်းဝန်ထမ်းများသည် အတိုချုပ်၊ ကြိုတင်စီစဉ်ထားခြင်း မရှိသော သို့မဟုတ် အရေးပေါ်ခေါ်ဆိုမှုများအတွက် DCSD အကူအညီပေးသည့် လိုင်း (နိုင်ငံတကာ ကျောင်းသား စစ်ဆေးမှုစင်တာတွင် တည်ရှိသည်) သို့ ဝင်ရောက်အသုံးပြုခွင့် ရှိပေသည်။ |
| **ဖုန်းပေါ်မှတစ်ဆင့် စကားပြန်ဝန်ဆောင်မှု** | DCSD သည် ELSA Lite App အပလီကေးရှင်း၊ ELSA မြေပြင်လိုင်းဖုန်း နှင့် Language Line Solutions (ဘာသာစကားလိုင်း ဖြေရှင်းမှုနည်းလမ်းများ) အစရှိသည်တို့အား အသုံးပြုကာ ဘာသာစကား အမျိုးပေါင်း 240 ကျော်အတွက် တိုက်ရိုက် စကားပြန်တစ်ဦးဖြင့် ဖုန်းပေါ်မှတစ်ဆင့် ဝင်ရောက်ချိတ်ဆက်မှုကို ထောက်ပံ့ပေးသည်။ |
| **တစ်လမ်းသွား စကားပြန်ဝန်ဆောင်မှု/ ဖုန်းခေါ်ဆိုမှုများ** | အကယ်၍ ဆရာတစ်ဦး သို့မဟုတ် ကျောင်းဝန်ထမ်းတစ်ဦးသည် အတိုချုပ် သို့မဟုတ် ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ သင့်ထံသို့ အချက်အလက်များအား တစ်ဆင့်ခံ အကြောင်းကြား ဆက်သွယ်စေဖို့ လိုအပ်လျှင် ၎င်းတို့အနေနှင့် စကားပြန်တစ်ဦးအား သင့်နေအိမ်သို့ ကူညီ ဖုန်းခေါ်ဆိုပေးဖို့ တောင်းဆိုနိုင်မည် ဖြစ်သည်။ |
| **ဆရာဖြစ်သူဖြင့် ဆက်သွယ်ဆောင်ရွက်မှု** | ဆရာ၊ဆရာမများသည် မိဘများနှင့် မိသားစုဝင်များတို့ဖြင့် နေ့စဉ် ဆက်သွယ်ဆောင်ရွက်မှုကို ထိန်းသိမ်းထားနိုင်ရန်ငှာ အမျိုးမျိုးသော အပလီကေးရှင်းများကို အသုံးပြုသွားမည် ဖြစ်သည်။ ဤအပလီကေးရှင်း တော်တော်များများသည် ဘာသာပြန်ဆိုထားပြီးဖြစ်သည့် အမှာစကားများကို ထောက်ပံ့ပေးနိုင်စွမ်း ရှိကြသည်။ နောက်ထပ်သော အချက်အလက်များ ရရှိရန်အတွက် ကျေးဇူးပြုပြီး သင့်ကလေး၏ ဆရာဖြစ်သူထံသို့ ဆက်သွယ်ပါ။ |

ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှုသည် သင့်ကလေး၏ အောင်မြင်ရေးအတွက် အဓိက သော့ချက်တစ်ခု ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်၊ ထို့ပြင် သင့်ကလေး၏ ပညာရေးနှင့်ပတ်သက်ပြီး သင် အချက်အလက်များ အပြည့်အစုံ ရရှိကြောင်း သေချာစေဖို့အလို့ငှာ ဤဝန်ဆောင်မှုများကို သင် အသုံးပြုပေးဖို့ တိုက်တွန်းအပ်ပါသည်။

အကယ်၍ စာသင်ကျောင်းမှ ထောက်ပံ့ပေးထားသည်များထက် ကျော်လွန်ပြီး နောက်ထပ်သော ပံ့ပိုးကူညီမှု/လမ်းညွှန်ချက်များအား သင် လိုအပ်ပါက ကျေးဇူးပြုပြီး အင်္ဂလိပ်စာ သင်ယူလေ့လာသူများဌာန (English Learners Department) ထံ **(678) 676-6602** သို့ ဆက်သွယ်ပါ။

***ကျေးဇူးပြုပြီး အောက်ပါ ကတ်အပိုင်းအား ဖြတ်တောက်ကာ သင့်ကလေး၏ စာသင်ကျောင်းသို့ ၎င်းအား ယူဆောင်လာပြီး၊ စကားပြန်တစ်ဦးအား တောင်းဆိုပါ -***

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

